**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၄ / ၂၀၂၄

၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

( ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

**ရာထူးအမျိုးအစားအလိုက် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ချက်များ အတည်ပြုပေးနိုင်ရေးနှင့် ရာထူးအခေါ်အဝေါ်များ ပြင်ဆင်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ ကြီးကြပ်မှုအောက်ရှိ ဖွဲ့စည်းပုံပါရာထူးအမျိုးအစားအလိုက် အနည်းဆုံး လိုအပ်သော ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ချက်များအား တစ်မူတည်း ဖြစ်စေရေးနှင့် ရာထူးအဆင့်(၁၃)ဆင့်၏ အဆင့်တူရာထူးများတွင် ပြင်ဆင်သင့်သည့် ရာထူး အခေါ်အဝေါ်များ ပြင်ဆင်နိုင်ရေးအတွက် **"ရာထူးအမျိုးအစားအလိုက် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ချက်များ အတည်ပြုပေးနိုင်ရေးနှင့် ရာထူးအခေါ်အဝေါ်များ ပြင်ဆင်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုစာရင်းစစ်ချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |

(ဓ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဥက္ကဋ္ဌ အတွင်းရေးမှူး
ပြည်ထောင်စုရာထူးဝန်အဖွဲ့

၂။ ရာထူးအမျိုးအစားအလိုက် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းသတ်မှတ်ချက်များ အတည်ပြုပေးနိုင်ရေးနှင့် ရာထူးအခေါ်အဝေါ်များ ပြင်ဆင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရာထူးအမျိုးအစားအလိုက် အနည်းဆုံးလိုအပ်သော ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ချက်များအား တစ်မူတည်းဖြစ်စေရေးအတွက် အတည်ပြုနိုင်ရေးစိစစ်ဆောင်ရွက်ရန်၊

(ခ) ရာထူးအဆင့် (၁၃) ဆင့်၏ အဆင့်တူရာထူးများတွင် ပြင်ဆင်သင့်သည့် ရာထူးအခေါ်အဝေါ်များ ပြင်ဆင်နိုင်ရေး စိစစ်ဆောင်ရွက်ရန်၊

(ဂ) စိစစ်ဆောင်ရွက်ပြီးပါက အတည်ပြုနိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲထံ ပြန်လည်တင်ပြရန်၊

(ဃ) ကော်မတီအနေဖြင့် လိုအပ်ပါက လုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်သွားရန်။

အမိန့်အရ

**အောင်လင်းဒွေး**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ